မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်ကျောင်း နာယက ဆရာတော်

မဟာအောင်မြေမြို့နယ် စိန်ပန်း သပြူးရပ်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ

## နှင့်



# ဘွဲ့ရ တပည့်များ

(၁၃၅၃ - ၁၃၇၅)

သာသနာ - ၂၅၅၇ မြန်မာ - ၁၃၇၅ ခရစ် - ၂၀၁၃

၁

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်ကျောင်း နာယကဆရာတော်

မဟာအောင်မြေမြို့နယ် စိန်ပန်း သမြူးရပ်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ

နှင့်

# ဘွဲ့ရ တပည့်များ

(၁၃၅၃- ၁၃၇၅)

သာသနာ ၂၅၅၇ မြန်မာ ၁၃၇၅ ခရစ် ၂၀၁၃

# အမှာစာ

## အခြေခံ ဥပဒေ နိုင်မာသော အဖွဲ့အစည်း

လောက၌ ဘာသာရေးအဖွဲ့အစည်း, လူမှုရေးအဖွဲ့အစည်း, ပညာရေးအဖွဲ့အစည်း, စီးပွားရေးအဖွဲ့အစည်း- စသည်အားဖြင့် အဖွဲ့အစည်းတို့များစွာရှိ၏။ ထိုတွင် အချို့သောအဖွဲ့အစည်းက ရေရှည်တည်တံ့ပြီး အချို့သော အဖွဲ့အစည်းက ရေရှည်မတည်တံ့ဘဲ လျင်မြန်စွာပြိုကွဲ ပျက်စီးသွားတတ်ကြသည်။

အဖွဲ့အစည်းဟူသည် တစ်ဦးတစ်ယောက်တည်းမဟုတ်၊ မိမိသူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန် လူပေါင်းများစွာကို တစ်စုတဝေးတည်းဖြစ်အောင် ပေါင်းစုဖွဲ့စည်းထားသောအရာဖြစ်သည်။ သို့ဖြစ်၍-

အဖွဲ့အစည်းတစ်ခု ရေရှည်တည်တံ့နိုင်ရန်-

(၁) ဖွဲ့စည်းပုံကောင်း၍ အခြေခံဥပဒေခိုင်မာရခြင်း။

(၂) ယင်းအခြေခံဥပဒေကို လူအများ လေးစားလိုက်နာရခြင်း- ဟူသော အချက်နှစ်ချက်နှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ ထိုအချက်ကို ကောင်းကောင်းသိမြင်တော်မူသော ဗုဒ္ဓမြတ်စွာက ဖွဲ့စည်းပုံကောင်း၍ အခြေခံဥပဒေခိုင်မာသော လူအများလေးစားကြည်ညိုသော သံဃာ့အဖွဲ့အစည်းကြီးကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာ

သည်အထိ အချိန်ယူစဉ်းစား ကြိုးစားပြီး တည်ထောင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၆၀၀)ခန့်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

## သာသနာပြုလုပ်ငန်း

ထို့အပြင် အဖွဲ့အစည်းတွင်ပါဝင်သော ရဟန်းတော်များ, ရှင်သာမဏေများ နေ့တိုင်းပြုလုပ်ထမ်းဆောင်ကြရမည့် လုပ်ငန်းတာဝန်ကြီး (၂)ရပ်ကိုလည်း အသေအချာ ချမှတ်တော်မူခဲ့သည်။

ရဟန်းသာမဏေများ နေ့စဉ်ပြုလုပ်ရမည့် လုပ်ငန်းတာဝန်ကြီး (၂)ရပ်မှာ-

(၁) ဂန္ထဓုရ= ပရိယတ်စာပေကျမ်းဂန် သင်အံပို့ချခြင်းတာဝန်။

(၂)ဝိပဿနာဓုရ=ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်း၊ ဝိပဿနာအလုပ်အားထုတ်ခြင်း တာဝန်များဖြစ်သည်။

ထိုတာဝန်, ထိုအလုပ်များသည်သာ ဘုန်းကြီးအလုပ်, ရဟန်းသာမဏေများ အလုပ်ဖြစ်၍ ဘုန်းကြီးမှန်လျှင်လည်း ထိုအလုပ်(၂)မျိုးကိုသာ ကြိုးစားပြီး ထမ်းဆောင်ကြရသည်၊ ပြုလုပ်ကြရသည်။

ထို့ကြောင့် သာသနာတော်၌ အချို့သော ဘုန်းကြီးများက ပရိယတ္တိစာသင်တိုက် တည်ထောင်ပြီး စာပေကျမ်းဂန်သင်အံပို့ချခြင်း ပရိယတ္တိလုပ်ငန်းကို ပဓာနထားကာ ပြုလုပ်ကြသည်။ သာသနာပြုကြသည်။ အချို့သော ဘုန်းကြီးများက ဘာဝနာကမ္မဋ္ဌာန်းတိုက် တည်ထောင်ပြီး ကမ္မဋ္ဌာန်းအားထုတ်ခြင်း ပဋိပတ္တိလုပ်ငန်းကို ပဓာနထားကာ ကြိုးစားပြုလုပ်ကြသည်၊ သာသနာပြုကြသည်။

## မူလ (ပဓာန)ဖြစ်သော သာသနာပြုလုပ်ငန်း

ဤနေရာ၌ ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ္တိလုပ်ငန်း(၂)ရပ်တွင် မည်သည့်လုပ်ငန်းက မူလ(ပဓာန)ဖြစ်သနည်း?ဟု မေးစရာရှိလာသည်။ ထိုအမေးကို ဖြေဆိုရသော် ပရိယတ္တိလုပ်ငန်းကသာ မူလ (ပဓာန)ဖြစ်သည် ဟု ဖြေဆိုရပေမည်။

အကြောင်းကား-

ဗုဒ္ဓမြတ်စွာက- (၁) ပရိယတ္တိသာသနာ
(၂) ပဋိပတ္တိသာသနာ
(၃)ပဋိဝေဓသာသနာ- ဟုသာသနာ ၃-ရပ် ကိုပိုင်းခြားသတ်မှတ်ထားခဲ့၏။

ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည် ကန်ဘောင်ရိုးနှင့်တူ၏။ ပဋိပတ္တိသာသနာသည် ရေနှင့်တူ၏။ ပဋိဝေဓသာသနာသည် ပဒုမ္မာကြာနှင့် တူ၏။ ပရိယတ္တိသာသနာတည်းဟူသော ကန်ဘောင်ရိုး ခိုင်မာမှုရှိမှသာ ပဋိပတ္တိသာသနာတည်းဟူသော ရေများတည်ရှိနိုင်သည်။

ပဋိပတ္တိသာသနာတည်းဟူသော ရေတည်ရှိနေမှသာလျှင်လည်း ပဋိဝေဓသာသနာတည်းဟူသော ပဒုမ္မာကြာတို့ ပွင့်လန်းတည်ရှိနိုင်ပေသည်။ ထို့ကြောင့် သာသနာ (၃)ရပ်တွင် ပရိယတ္တိသာသနာသည်သာ, ပရိယတ္တိ

လုပ်ငန်း, ပဋိပတ္တိလုပ်ငန်း (၂)ရပ်တွင် ပရိယတ္တိလုပ်ငန်း သည်သာ မူလ(ပဓာန)ဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ **(သဒ္ဓနီတိ သုတ္တမာလာနိဂုံး)**

## သာသနာပြုလုပ်ငန်းများ၏ အကျိုးရလဒ် တစိတ်တဒေသ

သာသနာ(၃)ရပ်တွင် ပဓာနဖြစ်သော ပရိယတ္တိသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားနိုင်ဖို့အတွက် ရှေးရှေးဆရာတော်ကြီးများက မြန်မာနိုင်ငံ တဝှန်းလုံးတွင် ပရိယတ္တိစာသင်တိုက်များ တည်ထောင်ကာ သာသနာပြုခဲ့ကြသလို မန္တလေးမြို့ ရွှေဘုန်းဝန်ကျောင်းတိုက်ပဓာနနာယက၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယက, အဂ္ဂမဟာပဏ္ဍိတ လက်ရှိစည်ရှင်နာယက ဆရာတော်ကလည်း စာသင်သား ရဟန်းငယ် သာမဏေငယ်တို့ကို မွေးမြူပြီး ပရိယတ္တိစာပေများ သင်ကြားစေကာ သာသနာပြုလျက်ရှိသည်။ ဆရာတော် စီမံအုပ်ချုပ် သာသနာပြုအလုပ်တို့ကို ကြိုးပမ်းအားထုတ်လျက်ရှိသော ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းတို့မှ ဘွဲ့ရတပည့် ရဟန်းသာမဏေတို့ များစွာ ပေါ်ထွန်းခဲ့သည်။

စည်ရှင်နာယကဆရာတော်အဖြစ်ဖြင့် စီမံအုပ်ချုပ် သာသနာပြုလျက်ရှိသော (၁၃၅၃-ခုနှစ်မှ ၁၃၇၅-ခုနှစ်အထိ ၂၂-နှစ်တာကာလအတွင်း) မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းမှ-

- သက္ကျသီဟာဓမ္မာစရိယ (အဘိဝံသ)ဘွဲ့ရ ၁၂-ပါး

♦ စေတိယင်္ဂဏမ္ဗာစရိယ(အဘိဝံသ)ဘွဲ့ရ ၇- ပါး
♦ မြင်းခြံမြို့၊ သဒ္ဓမ္မပါလမ္ဗာစရိယ(အဘိဝံသ)ဘွဲ့ရ ၃- ပါး
♦ သကျသီဟသီးခြားစာသင်တန်းအောင် ၂၃- ပါး
♦ စေတိယင်္ဂဏစာသင်တန်းအောင် ၁၄- ပါး
♦ ဝိနယပါဠိပါရဂူဘွဲ့ရ ၁-ပါး
♦ မြန်မာဂုဏ်ထူး(ပဋိသမ္ဘိဒါမဂ်)ဘွဲ့ရ ၁-ပါး
♦ သာသနဓဇမ္ဗာစရိယဘွဲ့ရ ၆၅- ပါး
♦ တိပိဋကဝိနယဓရဘွဲ့ရ ၁- ပါး
♦ ဥဘတောဝိဘင်္ဂဓရဘွဲ့ရ ၃- ပါး
♦ အစိုးရ ပထမကျော်ဘွဲ့ရ ၂- ပါး
♦ မန္တလေး သာမဏေကျော်ဘွဲ့ရ ၄၀- ပါး
♦ ရန်ကုန် သာမဏေကျော်ဘွဲ့ရ ၂၄-ပါး
♦ တောင်ကြီး သာမဏေကျော်ဘွဲ့ရ ၇- ပါး
♦ မုံရွာ သာမဏေကျော်ဘွဲ့ရ ၅- ပါး
♦ ဝိနယဝိဒူဘွဲ့ရ ၄၉-ပါး
♦ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ရ ၁၆- ပါး
♦ ဒီဃနိကာယဝိဒူဘွဲ့ရ ၂- ပါး

ပဓာနနာယကဆရာတော်အဖြစ်ဖြင့် စီမံအုပ်ချုပ် သာသနာပြု လျက်ရှိသော (၁၃၄၅- ခုနှစ် မှ ၁၃၇၅- အထိ ၂၉-နှစ်တာကာလ အတွင်း) ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက်မှ-

♦ သကျသီဟမ္ဗာစရိယ (အဘိဝံသ)ဘွဲ့ရ ၂-ပါး

♦ စေတိယင်္ဂဏမွှာစရိယ (အဘိဝံသ)ဘွဲ့ရ ၂-ပါး
♦ သာသနဓဇမွှာစရိယဘွဲ့ရ ၁၀- ပါး
♦ သာမဏေကျော်ဘွဲ့ရ ၂- ပါး
♦ ဝိနယဝိဒူဘွဲ့ရ ၂-ပါး
- အသီးအသီးပေါ်ထွန်းခဲ့သည်။

## ထုတ်ဝေရခြင်း အကြောင်းရင်း

♦ ထိုဘွဲ့ရတပည့် ရဟန်း, သာမဏေတို့ကို မှတ်တမ်းတင်ထားလိုခြင်း။

♦ အောင်မြင်မှုအသီးအပွင့်များကို ကြည့်ရှုနားထောင်၍ လူအများ မုဒိတာပွားကာ ကြည်ညိုစေလိုခြင်း။

♦ အနာဂတ် ရဟန်းငယ်, သာမဏေငယ်တို့ အားကျအတုယူပြီး ပရိယတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်စေလိုခြင်း စသောအကြောင်းတို့ကြောင့် ဆရာတော်၏ ၇၅-နှစ်ပြည့် စိန်ရတုမွေးနေ့ပွဲ၌ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ရခြင်းဖြစ်ပါသည်။

## တောင်းပန်လွှာ

စည်ရှင်နာယကဆရာတော်၏ ခြေတော်ရင်း၌ နေထိုင်စဉ် ၁၃၅၃-ခုနှစ်မှ ၁၃၇၅-ခုနှစ်အထိ ၂၂-နှစ်တာကာလအတွင်း ပေါ်ထွက်ခဲ့သော ဘွဲ့ရတပည့်များကို မှတ်တမ်းတင်စာအုပ်ထုတ်ဝေရာ၌ အချို့သောဘွဲ့ရတပည့်များ ကျန်ရှိနေခဲ့ပါလျှင် မှတ်တမ်းတင် ထုတ်ဝေ

သော လက်ရှိစည်ရှင်ဂဏဝါစကအဖွဲ့က အထူးမေတ္တာရပ်ခံ တောင်း ပန်အပ်ပါသည်။

## ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ထုတ်ဝေရာ၌ အဖက်ဖက်မှ အကူအညီပေးခဲ့ ကြသောစည်ရှင်, ရွှေဘုန်းဝန်သံဃာတော်များ, ဒီဇိုင်းရေးဆွဲ ကွန်ပျူ တာစာစီပေးသော နဝရတ်ကိုတူးနှင့် မောင်ဇင်ကိုမင်းတို့အား ကျေးဇူး အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စည်ရှင်ဂဏဝါစကအဖွဲ့
စည်ရှင်ကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး။
(၂၁-၁၁-၂၀၁၃)

မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယကဆရာတော်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော်



ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ
(သ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်ကျောင်း နာယကဆရာတော်

မဟာအောင်မြေမြို့နယ်၊ စိန်ပန်း၊ သမြူးရပ်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ
၏
# ထေရုပ္ပတ္တိအကျဉ်း

**ဖွားရာဒေသ**

အရှင်အဂ္ဂဉာနာဘိဝံသသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်(၎င်းမြို့တောင်လက် ၈-မိုင်ကွာ) ဘုမ္မနိုး(ဆင်ကျွန်း)ရွာ တောင်သူကြီး ဦးအောင်ကျော် + ဒေါ်သိန်းမိ တို့မှ မြန်မာနှစ်၁၃၀၀-ပြည့် နတ်တော်လဆန်း ၁၃-ရက် တနင်္ဂနွေနေ့ (4-12-38)တွင် ဖွားမြင်ခဲ့သည်။ အဆိုပါ ဘုမ္မနိုး(ဆင်ကျွန်း)ကျေး

ရွာကား ဒုတိယကမ္ဘာစစ် မတိုင်မီအချိန်က အစိုးရအထက်တန်း ကျောင်းဖွင့်လှစ်ကာ လောကီပညာထွန်းကားသော ကျေးရွာဖြစ်ခဲ့ သည်။ ကောက်ပဲသီးနှံများ ထွန်းကားသဖြင့် စီးပွားဥစ္စာ ကုန်လုံကြွယ် ဝသူ ပေါများခဲ့သည်။

## ရှင်သာမဏေပြုခြင်း

ဤအရှင်လောင်းလျာသူငယ် မွေးဖွားလာပြီးနောက် ၄- နှစ် မြောက်တွင် မြန်မာပြည် ဒုတိယကမ္ဘာစစ်မီး လောင်ကျွမ်းလာသည်။ ကမ္ဘာစစ်မီး ငြိမ်း၍ လွတ်လပ်ရေးရပြီးနောက် မကြာမီပင် ပြည်တွင်းစစ် ဖြစ်လာပြန်သည်။ ထို့ကြောင့် ဤအလောင်းလျာသူငယ်သည် လောကီအတန်းပညာကို ကောင်းစွာမသင်ကြားခဲ့ရပေ။ ဘုန်းတော် ကြီးကျောင်း၌နေကာ ဘုန်းတော်ကြီးပညာကိုသာ သင်ကြားခဲ့ရသည်။ ၁၂-နှစ်သားအရွယ် ၁၃၁၂-ခုနှစ် ကဆုန်လဆန်း ၈- ရက်နေ့တွင် မိဘနှစ်ပါးတို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကာ ဘုမ္မိုး(ဆင်ကျွန်း) ရွာ တောင်ကျောင်းဘုန်းတော်ကြီး ဦးသောဘိတထံတွင် ရှင်သာမဏေ အဖြစ်ရောက်အောင် ချီးမြှောက်ကြသည်။

## ပညာသင်ထွက်ခြင်း

သာမဏေရှင်အဂ္ဂဉာနသည် ဆရာတော် ဦးသောဘိတ ထံ၌ တစ်ဝါမျှနေထိုင်ပြီးနောက် လောကုတ္တရာပညာ ဆက်လက်သင်ကြား လိုကြောင်း ဖခင်ဒကာကြီးအား ပြောပြရာ ဖခင်ကြီးက သူ၏ ဇာတိ ချက်ကြွေ မွေးရပ်မြေဖြစ်သော ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိ ဏာရာမကျောင်းတိုက် ဆရာတော် ဦးနန္ဒထံ အပ်နှံလေသည်။

ရှင်အဂ္ဂညာနသည် ဆရာတော် ဦးနန္ဒ နှင့် ဘထွေး(ဦးလေး)တော်သူ စာချဘုန်းကြီး ဦးဝိလာသဝရ တို့ထံ၌ သဒ္ဒါ,သင်္ဂဟာစသော ပိဋကအခြေခံကျမ်းစာများကို လေ့လာသင်ယူရလေသည်။

## ငါးခုန်ရွာ

ဤငါးခုန်ရွာကား ကုန်းဘောင်ခေတ် အလယ်ပိုင်းနှင့် နှောင်းပိုင်းတွင် လောကုတ္တရာပိဋကစာပေပညာ အကျော်ကြားဆုံးပုဂ္ဂိုလ်တို့၏ ထွန်းကားရာဒေသအဖြစ် ဥဒါန်းတွင်ခဲ့သည်။ ဖန်နန်းရှင် ဘကြီးတော်မင်းနှင့် သာယာဝတီ ရွှေဘိုမင်းတို့လက်ထက် ‘ပထမငါးခုန်ဆရာတော်’ ပေါ်ထွန်းတော်မူခဲ့သည်။ ဆရာတော်၏ ဘွဲ့အမည်ကား ‘အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု’ ဖြစ်သည်။ ဤဆရာတော်သည် ခုဒ္ဒကပါဌဋီကာ, သမ္ဗန္ဓစိန္တာဋီကာသစ် စသောဋီကာကျမ်းများ၊ ဗုဒ္ဓဝံသအဋ္ဌကထာနိဿယ, စရိယာပိဋကအဋ္ဌကထာနိဿယ စသော နိဿယကျမ်းများနှင့် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး စသောကျမ်းပေါင်းများစွာတို့ကို ရေးသားစီရင်တော်မူခဲ့သည်။ ဤဆရာတော်ကိုပင် အစွဲပြုကာ ‘စာတတ် ငါးခုန်၊ စာကုန် မန်ကျည်းတော၊ စာပြော သဲအင်း’ ဟု ဥဒါန်းပြုခဲ့ကြသည်။ ‘ဒုတိယငါးခုန်ဆရာတော်’ လည်း ဘကြီးတော်နှင့် ရွှေဘိုမင်းတို့လက်ထက်မှာပင် ထွန်းကားပေါ်ပေါက်ခဲ့သည်။ ဤဆရာတော်၏ ဘွဲ့အမည်မှာ ‘ဒီပါလင်္ကာရသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု’ ဟူ၍ဖြစ်သည်။ ရေးသားပြုစုခဲ့သော ကျမ်းများကား- အဖေဂ္ဂသာရဒီပနီနိဿယ, သဒ္ဒါကြီးဂဏ္ဌိ စသည်တို့ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးလက်ထက်၌ ‘တတိယငါးခုန်ဆရာတော်’ ပေါ်ထွန်းတော်မူခဲ့သည်။ ဆရာတော်၏ ဘွဲ့အမည်

မှာ 'ဂုဏဝါလင်္ကာရ' ဖြစ်၍ ဘုရင်မင်းမြတ်၏ ပထမစာတော်ပြန်ပွဲများ၌ ဝင်ရောက်ပြန်ဆိုအောင်မြင်ခဲ့သည်။ ရေးသားပြုစုခဲ့သော ကျမ်းများကိုမတွေ့ရှိရပေ။ ငါးခုန်ရွာကား နိုင်ငံကျော်ရဟန်းတော်များ၏ ထွန်းကားရာဒေသဖြစ်သည့်အပြင် လက်သမားဆရာ, ပန်းရံဆရာ, ပန်းချီဆရာ,ဆေးဆရာ စသော အတတ်ပညာသည်တို့၏ နေထိုင်ရာ လည်းဖြစ်ခဲ့ပေသည်။

## ရဟန်းအဖြစ်သို့ တက်ရောက်ခြင်း

သာမဏေရှင်အဂ္ဂဉာနသည် ပတိရူပဒေသဖြစ်သော ငါးခုန်ရွာ၌ ဆရာသမားများနှင့် ဆွေမျိုးသားချင်းများ၏ ပြုစုစောင့်ရှောက်မှုကို ခံယူ၍ပိဋကအခြေခံကျမ်းစာများကို သင်ယူကာ အသက် ၁၇-နှစ်, ၁၈-နှစ်အရွယ်တို့၌ အစိုးရ ပထမငယ်, ပထမလတ်တန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ အသက် ၂၀-အရွယ် ၁၃၂၀-ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၄-ရက်နေ့ နံနက် ၉-နာရီ အချိန်တွင် ဒက္ခိဏာရာမ ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။

## ဆက်လက်ပညာသင်ကြားခြင်း

အရှင်အဂ္ဂဉာနသည် ရဟန်းဖြစ်စ ပထမဝါ၌ ငါးခုန်ရွာမှ ဖဲခွါ၍ချောင်းဦးမြို့နယ် ခင်မွန်ရွာ သာသနဟိတကာရီ သိင်္ဂါရုံကျောင်းဆရာတော် ဦးစန္ဒောဘာသထံ နိဿရည်းခံကာ ပထမကြီးတန်းဆိုင်ရာ စာပေများကို လေ့လာသင်ကြားသည်၊ ရဟန်းသိက္ခာ နှစ် ဝါ

အရ ၁၃၂၁-ခုနှစ် ပထမကြီးတန်းစာမေးပွဲကို ပါဠိဘာသာဖြင့် ဖြေဆို အောင်မြင်သည်၊ ပထမကြီးတန်းအောင်မြင်ပြီးနောက် ၃-ဝါမြောက်တွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ပိုက်ကျုံးဆရာတော် (ဦးဇာနေယျဗုဒ္ဓိဘိဝံသ), အသောကဆရာတော် (ဦးသုဝဏ္ဏဇောတျာဘိဝံသ) တို့ထံ နိဿရည်းခံကာ သကျသီဟစာသင်, စာချနှင့် အစိုးရဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို လေ့လာသင်ယူခဲ့သည်။

## စာမေးပွဲအလီလီအောင်မြင်ခဲ့ခြင်း

၁၃၂၃-ခုနှစ်၌ သကျသီဟစာသင်တန်းကိုလည်းကောင်း၊ ၁၃၂၄-ခုနှစ်၌ အစိုးရစာချတန်း ကျမ်းရင်း၃-ကျမ်းကိုလည်းကောင်း၊ ၁၃၂၅-ခုနှစ်၌ အစိုးရဓမ္မာစရိယ ပါဠိပါရဂူတန်းကိုလည်းကောင်း၊ ၁၃၂၆-ခုနှစ်၌ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(သကျသီဟသီးခြားစာချ)တန်းကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။ အစိုးရဓမ္မာစရိယ ကျမ်းရင်း ၃-ကျမ်း၌ တစ်နှစ်တည်း သုံးကျမ်းစွဲ အမှတ်အများဆုံးဖြင့် အောင်မြင်၍ ရန်ကုန်မြို့ မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလ(B.B.M.A) အသင်း၏ စာတိုက်ဗီရိုနှင့် စာအုပ်ဆုကို ရရှိခဲ့သည်။

## တဖန်အမွှမ်းတင် ပညာသင်ကြားခြင်း

အရှင်အဂ္ဂဉာနာဘိဝံသသည် ၁၃၃၂-ခုနှစ် မှစ၍ အဘယာရာမရွှေဂူကျောင်းတိုက် နာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသ

ထံတွင် မဟာဝိသုဒ္ဓါရုံစာချတာဝန်, တိပိဋကအဘိဓာန်ကျမ်းပြု တာဝန်တို့ကို ထမ်းဆောင်ရင်းပင် ပါဠိဘာသာကို အမွှမ်းတင်ရန် သက္ကတနှင့် ပါကတဘာသာတို့ကို သင်ယူခဲ့သည်၊ သက္ကတဘာသာသဒ္ဒါကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း, ဒဿနကျမ်းအချို့နှင့် ပါကတပ္ပကာသကျမ်းတို့ကို ဆုံးခန်းတိုင်ရောက် ပေါက်မြောက်ခဲ့သည်။ အရှင်သီလာနန္ဒာဘိဝံသ၏ ကျေနပ်နှစ်သက်မှုကိုလည်း ခံယူခဲ့ရသည်။

## သာသနာရေးကိစ္စဆောင်ရွက်ခြင်း

အရှင်အဂ္ဂညာနာဘိဝံသသည် ၁၃၂၄-ခုနှစ်မှစ၍ မဟာဝိသုဒ္ဓါရုံ စည်ရှင်ဂဏဝါစကအဖြစ် ပါဝင်ပြီးလျှင် ငယ်,လတ်,ကြီး နှင့် စာချတန်းဆိုင်ရာကျမ်းစာတို့ကိုလည်းကောင်း ၁၃၄၀-ခုနှစ်မှစ၍ သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရသဒ္ဒါငယ်ကျမ်းတို့ကိုလည်းကောင်း၊ ၁၃၅၃-ခုနှစ်မှစ၍ ပါဠိပါရဂူတန်းနှင့် သက္ကတဘာသာ မုဒ္ဓဗောဓသဒ္ဒါကျမ်းကိုလည်းကောင်း ပို့ချခဲ့သည်။ ၁၃၂၇-ခုနှစ်မှစ၍ ယနေ့တိုင် တိပိဋကပါဠိ- မြန်မာအဘိဓာန် (ဝိသုဒ္ဓါရုံ)ကျမ်းပြုအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်သည်။

၁၃၄၅-ခုနှစ်၌ စိန်ပန်း (သပြူ)ရပ်"ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်" ပဓာနနာယကဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၅၃-ခုနှစ်မှစ၍ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဘုန်းတော်ကြီးအဖြစ်ဖြင့်လည်းကောင်း ပူးတွဲအုပ်ချုပ် သာသနာပြုအလုပ်တို့ကို ဆောင်ရွက်သည်။

၁၃၄၂-ခုနှစ်၌ ကျင်းပသော ဒွါဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံး ကျွတ်သံဃာ့အစည်းအဝေးကြီးက "ဂိုဏ်းလုံးဝန်ဆောင်နာယက" အဖြစ် တင်မြှောက်ခြင်းကိုလည်းကောင်း၊ ၁၃၅၃-ခုနှစ်၌ ကျင်းပသော တေရသမအကြိမ် ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက"ရွှေကျင်ဂိုဏ်း တွဲဖက်အကျိုးတော်ဆောင်" အဖြစ်တင်မြှောက်ခြင်းကိုလည်းကောင်း ခံယူရသည်။

၁၃၄၂-ခုနှစ်မှစ၍ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးပေါ် ပေါက်လာရာ ပထမ ၅-နှစ်သက်တမ်း၌ "ဝိနည်းဓိုရ်"အဖြစ်လည်း ကောင်း၊ ဒုတိယ ၅-နှစ်သက်တမ်း၌ "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်" နှင့် " နိုင်ငံတော်ဝိနည်းဓိုရ်"အဖြစ်လည်းကောင်း၊ တတိယ ၅-နှစ်သက်တမ်း၌ "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်" နှင့် "ပညာရေးဗဟိုအဖွဲ့ဝင်" အဖြစ်၊ "နိုင်ငံတော်ဝိနည်းဓိုရ်" အဖြစ်လည်း ကောင်း ဆောင်ရွက်ခဲ့သည်။ စတုတ္ထ ၅-နှစ်သက်တမ်း၌ "နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်" နှင့် "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးဆောင်"အဖြစ် ဆောင်ရွက်ခဲ့သည်။

## ရေးသားပြုစုသောကျမ်းများ

၁။ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲ-၇၊
၂။ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲ-၈၊
၃။ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲ-၁၃၊
၄။ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲ-၁၄
၅။ လင်္ကာသာသနဝိသုဒ္ဓိကထာမြန်မာပြန်ကျမ်း(၁၃၃၉-ခုနှစ်)

၆။ (သက္ကတဘာသာ)အတ္တဗောဓနိဿယကျမ်း (၁၃၃၉-ခုနှစ်)
၇။ သိမှတ်ဖွယ်ရာစာပဒေသာ (၁၃၆၀-ပြည့်နှစ်)
၈။ ကြောင်းကျိုးဆက်ပွား နိယာမတရား စာတမ်း (၁၃၆၄-ခုနှစ်)
၉။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သီလာနန္ဒာဘိဝံသ ၏ သတန္တကိတ္တိ နှင့် နဝရတ်ကျမ်း (၁၃၆၉-ခုနှစ်)
၁၀။ ဒသဗလသုတ္တန်တရားတော် (၁၃၇၀-ခုနှစ်)
၁၁။ ကာဗျာဒါသနိဿယကျမ်း နှင့် ပါဏိနီယဓာတုပါဌအဖွင့်ကျမ်း (၁၃၇၁-ခုနှစ်)
၁၂။ သိမှတ်ဖွယ်ရာစာပဒေသာ ဒုတိယတွဲ (၁၃၇၅-ခုနှစ်)

မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယကဆရာတော် နှင့် စာချဘုန်းကြီးများ



ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းပဓာနနာယကဆရာတော် နှင့် စာချဘုန်းကြီးများ



မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း စာချဘုန်းကြီး



အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ
(သ-စ-အ ဓမ္မာစရိယ)

## မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း စာချဘုန်းကြီး



အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသ
(သ-စ-အ ဓမ္မာစရိယ)



အရှင်အဘိဇေယာလင်္ကာရာဘိဝံသ
(သ-အ ဓမ္မာစရိယ)

## မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း စာချဘုန်းကြီး



အရှင်ဇာနကဝိသိဋ္ဌာလင်္ကာရာဘိဝံသ

(သ-အ ဓမ္မာစရိယ၊ ဝိသိဋ္ဌာလင်္ကာရသာမဏေကျော်၊ ပထမကျော်)



အရှင်မာနိတာလင်္ကာရာဘိဝံသ

(သ-စ-သ-အ ဓမ္မာစရိယ)

## မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း စာချဘုန်းကြီး



အရှင်ဓမ္မသာမီလင်္ကာရ



အရှင်နန္ဒာစရိယာလင်္ကာရ



အရှင်ဓမ္မိဿရာလင်္ကာရ



အရှင်စန္ဒသီရိလင်္ကာရ



အရှင်ပညာစာရာလင်္ကာရ



## သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

# အရှင်နန္ဒောဘာသာလင်္ကာရာဘိဝံသ
၏
# အတ္ထုပ္ပတ္တိ အကျဉ်း

**ဝိဇာတမင်္ဂလာ**

အရှင်နန္ဒောဘာသာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ သလဲပါရွာ ခမည်းတော် ဦးသိန်းရှုန်+မယ်တော် ဒေါ်ကောင်းရှင် တို့မှ ၁၃၂၅-ခု၊ နယုန်လဆန်း(၁၀)ရက်နေ့ ည(၁၀)နာရီအချိန်တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ**

အရှင်နန္ဒောဘာသာလင်္ကာရာဘိဝံသသည် ၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း(၁၁)ရက်နေ့တွင် မန္တလေးမြို့၊ မဟာမြိုင်ကျောင်းတိုက်

ပဓာနနာယကဆရာတော် အရှင်သဇ္ဇနသာရ ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဈေးချို ကိုင်းတန်းဈေး ပွဲစားကြီး- ဦးထွေး+ဒေါ်တင်ရှိ (သား) ကိုကျော်ဝင်း (သမီး) မဝင်းဝင်း တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်နန္ဒောဘာသာလင်္ကာရာဘိဝံသသည် ၁၃၄၅- ခု၊ ဂိမ္ဟဥတု တန်ဆူးလပြည့်နေ့ နံနက်(၆)နာရီ(၃၈)မိနစ် အချိန်တွင် မန္တလေးမြို့၊ မဟာမြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သဇ္ဇနသာရ ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ဈေးချို ကိုင်းတန်းဈေး ပွဲစားကြီး ဦးထွေး+ဒေါ်တင်ရှိ (သား) ကိုကျော်ဝင်း (သမီး) မဝင်းဝင်း (မြေး) ဝင်းကိုကို၊ ကျော်ဇေယျ၊ မေသက်ထား၊ မြတ်သူဝင်း၊ အိအိကျော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မဟာမြိုင်ကျောင်းတိုက် သာသနာ့ဝေပုလ္လ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်နန္ဒောဘာသာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလိမဟာစရိယဘွဲ့၊ အစိုးရ သာသနဓဇဓမ္မာစရိယ ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့တို့ကို ဖြေဆို အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက် နာယကဆရာတော်နှင့် စာချဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ပိုက်ကျိုးဆရာတော် အမှူးပြုသောနာယက ဆရာတော်များ၊ စည်ရှင်နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏ ဘိဝံသ၊ ပေါက်မြိုင်တိုက် ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ စသောစာချ ဆရာတော်များဖြစ်ပါသည်။



သက္ကျသီဟဓမ္မာစရိယ၊ သဒ္ဓမ္မပါလဓမ္မာစရိယ၊
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ ဘွဲ့ရ

## အရှင်မာနိတာလင်္ကာရာဘိဝံသ
၏
## အတ္ထုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် ဝက်လက်မြို့နယ် ဆင်နင်းရွာနေ ခမည်းတော် ဦးတင်ရ + မယ်တော် ဒေါ်ညွှန့်ခင်တို့မှ ၁၃၂၅- ခု၊ တပေါင်းလဆန်း(၂)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် ၁၃၃၆- ခုနှစ်၊ ပြာသိုလဆန်း(၁၅)ရက်နေ့ ဆင်နင်းရွာ ရွှေရပ်သာကျောင်းဆရာတော်

ဘဒ္ဒန္တစိန္တိတဉာနကို ဥပဇ္ဈာယ်ပြု၍ ဆင်နင်းရွာ ဦးပွကြီး + ဒေါ်ထွေး ချစ် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် ၁၃၄၅- ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်နေ့တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့ ရတနာရပ်နေ ဦးကြွယ်ထွန်း+ ဒေါ်တင်ချော မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၅၇-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် မန္တလေးမြို့ ဈေးချိုတော် ဝါးတန်းရပ် ဒေါ်ကြင်နှင့် တူ၊ တူမတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် ဥပသမ္ပဒါဘိသေကမင်္ဂလာကို ခံယူခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ အစိုးရ သာသနဇောတိကပါဝရဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ မြင်းခြံမြို့ သဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ရွှေရပ်သာကျောင်း ဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓစာရာဘိဝံသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၊ ဘဒ္ဒန္တသြမာဝီရာဘိဝံသ၊ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ မန္တလေးမြို့ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ စသောစာချ ဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်မာနိတာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ဓမ္မမာနိတာရုံစာသင်တိုက် တည်ထောင်ပြီး စာပေရေးသားခြင်း၊ စာပေပို့ချခြင်း စသော ပရိယတ္တိဆိုင်ရာ သာသနာ့တာဝန်များကို ထမ်းဆောင်ကာ သီတင်းသုံးနေထိုင်လျှက်ရှိပါသည်။



သက្យသီဟဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

# အရှင်စက္ကိန္ဒာဘိဝံသ
၏
# အထ္ထုပ္ပတ္တိ အကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်စက္ကိန္ဒာဘိဝံသသည် ကွမ်းခြံကုန်းမြို့ ကညင်ပင်ရွာ ခမည်းတော် ဦးညွန့်အောင် + မယ်တော် ဒေါ်နှင်းစိန် တို့မှ ၁၃၂၇-ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်စက္ကိန္ဒာဘိဝံသသည် စစ်ကိုင်းတောင်ရိုး၊ သစ္စဝါဒီ ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ဦးကြီးမြင့်+ဒေါ်ခင်သန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်စက္ကိန္ဒာဘိဝံသသည် အစိုးရ သာသနဓဇဓမ္မာစရိယဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲတွင် မူလစာသင်တန်း၊ သီးခြားစာသင်တန်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲတွင် သီးခြားစာသင်တန်း၊ သီးခြားစာချတန်းနှစ်ကျမ်းစွဲ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့တို့ကို အောင်မြင်ရရှိခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းတောင်ရိုး၊ သစ္စဝါဒီကျောင်းဆရာတော်၊ ဇေယျမင်္ဂလာဆရာတော်၊ မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းပိုက်ကျုံးဆရာတော်၊ ဘဒ္ဒန္တပရမ၊ ဘဒ္ဒန္တသြမာဝီရာဘိဝံသ၊ စည်ရှင်နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၊ ဘဒ္ဒန္တဂုဏိကာဘိဝံသ၊ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ အဝေရာရာမရန်ကင်းဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

အရှင်စက္ကိန္ဒာဘိဝံသသည် အမေရိကန်နိုင်ငံတွင် သာသနာပြုလုပ်ငန်းများကို ထမ်းဆောင်ကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



သက်ျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

# အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ

၏

# အတ္ထုပ္ပတ္တိအကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသသည် စစ်ကိုင်းမြို့ ရေခါး ကျေးရွာ ခမည်းတော် ဦးတိုက်ရီ + မယ်တော် ဒေါ်တင်ရှိန်တို့မှ ၁၃၃၄-ခု နတ်တော်လဆန်း(၁)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

## သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသသည် ၁၃၄၅-ခုနှစ်တွင် စစ်ကိုင်းမြို့နယ် ရေခါးရွာကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လကို

ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသသည် ၁၃၅၄- ခု၊ တပေါင်းလဆန်း(၃)ရက် ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းမြို့၊ ရွှေဥမင်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ရွှေဥမင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာနဝရကို ဥပဇ္ဈာယ်ပြု၍ ဝါးခယ်မမြို့၊ မြို့မလမ်းနေ ဦးကျော်တင့်+ဒေါ်ညွန့်ဟန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်မွန်းရွာနေ ဦးစံတိုး+ဒေါ်ခင်စန်း မိသားစု၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ တာမခံရွာနေ ဦးသိန်းဝင်း+ဒေါ်နုနု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥပသမ္ပဒါဘိသေကမင်္ဂလာကို ခံယူခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းမြို့နယ်၊ ရေခါးရွာ ရွာကျောင်းဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ ဘဒ္ဒန္တဇောတိပါလ၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဝိပဿနာ ဂန္ဓာရုံဆရာတော်၊ ရွှေဥမင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာနဝရနှင့်စာချဆရာတော်များ၊ မုံရွာမြို့ ပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တနာဂဝံသ နှင့် စာချဆရာတော်များဖြစ်ကြသော ဦးဇောတိပါလာ လင်္ကာရ၊ ဦးနန္ဒိမာလင်္ကာရ၊ ဦးသုဇန၊ ရန်ကုန် ပဇ္ဇောတာရုံ ဆရာတော် ဦးအဂ္ဂဉာန၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၊ ဦးမာနိတာလင်္ကာရာ ဘိဝံသ၊ အတုလဂုဏ်ရည် ဦးသြဒါတသိရီဘိဝံသ၊ ပေါက်မြိုင်ဆရာ တော် ဦးအဂ္ဂဝံသာဘိဝံသ၊ မစိုးရိမ် ဦးကောဝိဒါဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ သည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ အထက်တန်းစာပေများကို ပို့ချကာ သာသနာ့တာဝန်များထမ်းဆောင်လျက်ရှိပါသည်။



သက္ကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

## အရှင်သာဂရာလင်္ကာရာဘိဝံသ
၏
## အတ္ထုပ္ပတ္တိအကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်သာဂရာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် ရွှေစည်းခုံကျေးရွာတွင် ခမည်းတော် ဦးမြသိန်း + မယ်တော် ဒေါ်မြကျင် တို့မှ ၁၃၃၀- ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၄)ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သော သားရတနာဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

အရှင်သာဂရာလင်္ကာရာဘိဝံသသည် ၁၃၄၉- ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊ သောကြာနေ့ တွင် မန္တလေးမြို့၊ မဟာမြိုင်

ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဇ္ဇနသာရကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ၈၅- လမ်း၊ ၂၉×၃၀ လမ်းနေ ဦးထီးညို + ဒေါ်ခင်အုန်းရီ (သဇင်-ဘီစကစ်) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

## ဝိဇယမင်္ဂလာ

အရှင်သာဂရာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့တို့ကို ဖြေဆို အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းမြို့နယ် ရွှေစည်းခုံကျေးရွာ ဆရာတော် ဦးဝါယမ၊ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် ဂဏဝါစကဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ နှင့် ဂဏဝါစကဆရာတော်များ၊ ပေါက်မြိုင်တိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

**ယခုသီတင်းသုံးရာဌာန**

အရှင်သာဂရာလင်္ကာရာဘိဝံသသည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၌ ချမ်းမြေ့မြိုင် ပရိယတ္တိစာသင်တိုက်တည်ထောင်ပြီး အထက်တန်းစာပေများကိုပို့ချကာ သီတင်းသုံးနေထိုင်လျက်ရှိပါ သည်။



သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

# အရှင်ဝိဇယာလင်္ကာရာဘိဝံသ
၏
# အတ္ထုပ္ပတ္တိ အကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်ဝိဇယာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာတွင် ခမည်းတော် ဦးတင်ရ + မယ်တော် ဒေါ်ညွန့်ခင်တို့မှ ၁၃၃၆- ခုနှစ်၊ ပြာသိုလဆန်း(၄)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

## သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ဝိဇယာလင်္ကာရာဘိဝံသသည် ၁၃၅၁- ခုနှစ်၊ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဝက်လက်မြို့နယ် ဆင်နင်းရွာ

ရွှေရပ်သာကျောင်းဆရာတော် ဘဒ္ဒန္တစိန္တိတညာနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ဝိဇယာလင်္ကာရာဘိဝံသသည် ၁၃၅၆- ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး၊ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ၃၈×၈၁- လမ်းထောင့်နေ ကိုသိုက်ထွန်း+မသီတာဦး (ရတနာ) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စစ်ကိုင်းတောင်ရိုး၊ မဟာသုဗောဓာရုံကျောင်းတိုက် သာသနမဉ္ဇရီသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

၁၃၆၂- ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက်နေ့တွင် ဝက်လက်မြို့နယ်၊ ကိုညွန့်ဝင်း+မနုနုရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပုနောပသမ္ပဒမင်္ဂလာသဘင် ခံယူခဲ့သည်။

## ဝိဇယမင်္ဂလာ

အရှင်ဝိဇယာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာ့လင်္ကာရသာမဏေကျော်ဘွဲ့၊ အစိုးရသာသနဓဇမ္မာစရိယဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ဝက်လက်မြို့ ဆင်နင်းရွာ ရွှေရပ်သာကျောင်းဆရာတော်၊ နောင်ချိုမြို့ ဟော်တော်ကျောင်းဆရာတော်၊ ကတီပင်ကျောင်းဆရာတော်၊ ဦးလေးတော် ဘဒ္ဒန္တဥတ္တမ၊ စစ်ကိုင်းတောင်ရိုး မဟာသုဗောဓာရုံတိုက် ပဓာနနာယကဆရာတော်အမှူးပြုသော စာချဆရာတော်များ၊ မန္တလေးမြို့ စာချအကျော် ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၊ နောင်တော်များဖြစ်ကြသော ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တအဘိဇာတာလင်္ကာရာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

အရှင်ဝိဇယာလင်္ကာရာဘိဝံသသည် ယခုအခါ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပညာသင်ကြားကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



သက္ကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

## အရှင်ဇနိတာလင်္ကာရာဘိဝံသ
၏
## အတ္ထုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်ဇနိတာလင်္ကာရာဘိဝံသသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာနေ ကရင်တိုင်းရင်းသားများဖြစ်ကြသော ခမည်းတော် ဦးမန်းအောင်ဖေညွန့် + မယ်တော် ဒေါ်နန်းကြင်ဌေး တို့မှ ၁၃၄၀- ပြည့်နှစ်၊ နယုန်လဆန်း(၁)ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ဇနိတာလင်္ကာရာဘိဝံသသည် ၁၃၅၁- ခုနှစ် ကဆုန်လဆန်း(၁၂)ရက်နေ့တွင် ဥဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစာရ

ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ဇနိတာလင်္ကာရာဘိဝံသသည် ၁၃၅၉- ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက် စနေနေ့တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဥဒေါင်းကျောင်းတိုက်အုပ် ဆရာတော် ဘဒ္ဒန္တခန္တိဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ဒုတိယဗိုလ်မှူးကြီးဇင်ယော် + ဒေါက်တာခင်သီရိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ကျေးဇူးရှင်ဖခင်ကြီး ဦးအေးမောင်+ မိခင်ကြီး ဒေါ်ရွှေတို့အားအမှူးထား၍ သားသမီး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း၊ ဖခင်ကြီး ဦးညီညီ အားအမှူးထား၍ ဦးအေးဇော်ရီ + ဒေါ်မို့မို့ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း ဥပသမ္ပဒါဘိသေကမင်္ဂလာကို ခံယူခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ဇနိတာလင်္ကာရာဘိဝံသ သည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့၊ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်ဘွဲ့ ၊ မော်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဂဏဝါစကသာမဏေကျော်ဘွဲ့၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ

ဝိနယာဓိကစာမေးပွဲ ဝိနယာဓိကဓမ္မာစရိယဘွဲ့၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ တိပိဋကစာမေးပွဲ ဥဘတောဝိဘင်္ဂရေ (အထူးအောင်)ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာ ဥဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစာရ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တခန္တိဝဏ္ဏ၊ မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ ဘဒ္ဒန္တကိတ္တိဝဏ္ဏ အမှူးပြုသော နာယကစာချဆရာတော်များ၊ မော်လမြိုင်မြို့ မဟာမြိုင်ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ နာယကဆရာတော် ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသော စာချဆရာတော်များ၊ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ အမှူးပြုသော နာယကစာချဆရာတော်များ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ အမှူးပြုသော နာယကစာချဆရာတော်များ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၊ ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရာ

ဘိဝံသ၊ ပေါက်မြိုင်အလယ်တိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာ ဘိဝံသ၊ မြတောင်တိုက် ခေမာဝင်းကျောင်းဆရာတော် ဘဒ္ဒန္တခေမိကာ ဘိဝံသ၊ မစိုးရိမ်တိုက် အာဂမနယ္ယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တ ဥေ ယျာဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ၊ မစိုးရိမ်တိုက်သစ် နာယကဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ဇနိတာလင်္ကာရာဘိဝံသ သည် ရန်ကုန်မြို့၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ ပရိယတ္တိစာပေများကို ပို့ချကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

## အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသ
၏
## အတ္တုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ် ကန်ဖျားရွာ ခမည်းတော်- ဦးလှဆန်း + မယ်တော်- ဒေါ်မိလုံး တို့မှ ၁၃၄၁- ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသသည် ၁၃၅၂- ခုနှစ်၊ ပြာသို လပြည့်ကျော်(၉)ရက် ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်း၊ မြင်းမူ မြို့နယ် ကန်ဖျားရွာ စည်းစိမ်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇော

ဘာသကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်ဝင်း + ဒေါ်လှရွှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသသည် ၁၃၆၁- ခုနှစ်၊ ပြာသိုလပြည့် ကြာသပတေးနေ့တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ် သရက်တော ဝါးတန်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဒေါင်းရိုးရပ်နေ ဦးဝင်းမြင့် + ဒေါ်ခင်စိန် 'ရွှေဇီးကွက် အမှတ်တံဆိပ် မခင်စိန်-ထိုးမုန့် လမုန့်' မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၆၉- ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် တာမခန်ရွာနေ မိခင်ကြီး ဒေါ်ဖွားရင်ကို အမှူးထား၍ (သမီး) ဒေါ်ဆောင်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥပသမ္ပဒါဘိသေကမင်္ဂလာကို ခံယူခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသသည် မန္တလေး ပရိယတ္တိသာသနဟိတသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ မြင်းခြံမြို့၊ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ မူလစာသင်တန်း၊ သီးခြားစာသင်တန်း၊ သီးခြားစာချတန်း နှစ်ကျမ်းစွဲ၊ ရန်ကုန်မြို့၊ စေတိယင်္ဂဏဓမ္မာစရိယ (အဘိဝံသ)

ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။

## ကျေးဇူးရှင်ဆရာတော်များ

ကန်ဖျားရွာ၊ စည်းစိမ်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇောဘာသ၊ ဘဒ္ဒန္တဂန္ဓမာ၊ ရန်ကုန်မြို့ မဟာသိပ္ပံဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၊ စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တခေမာစာရ၊ ဘဒ္ဒန္တနန္ဒောဘာသာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တဝိဇယာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တအာဒိစ္စာလင်္ကာရ၊ ဦးရိတော် ဦးသဇ္ဇန၊ ဦးမာနိတ၊ မန္တလေးမြို့ စက်မှုမြို့သစ်၊ ဓမ္မမာနိတာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ချမ်းမြေ့မြိုင်စာသင်တိုက် ဘဒ္ဒန္တသာဂရာလင်္ကာရာဘိဝံသ၊ မန္တလေးမြို့၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ ပေါက်မြိုင်ဆရာတော်၊ မစိုးရိမ်တိုက် အာဂမနယူပဒေသကျောင်း ဆရာတော်၊ မှတ်စုမှတ်ရာစာပေများမှ နည်းနာနိဿယပေးသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

အရှင်ဉာဏိဿရာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ စာပေသင်ကြားပို့ချကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



သက္ကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

## အရှင်ပါကဍ္ဍာလင်္ကာရာဘိဝံသ
၏
## အတ္ထုပ္ပတ္တိ အကျဉ်း

**ဝိဇာတမင်္ဂလာ**

အရှင်ပါကဍ္ဍာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ငွေတွင်းရွာ ခမည်းတော် ဦးသန်းမောင် + မယ်တော်ဒေါ်ချို တို့မှ ၁၃၄၄- ခုနှစ်၊ ဦးတန်ခူးလဆုတ် (၇)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ**

အရှင်ပါကဍ္ဍာလင်္ကာရာဘိဝံသသည် မန္တလေးမြို့၊ မဟာမြိုင်ကျောင်းတိုက် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်း၊

အရာတော်မြို့နယ်၊ ဆိပ်ဖူးကြီးရွာ အဖွားဒေါ်ညွန့်ရှိ၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ပါကဋ္ဌာလင်္ကာရာဘိဝံသသည် ၁၃၆၄-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အိမ်အမှတ်(၅-A) နေ ရဟန်းဒါယကာ ဦးခင်ဇော်ဦး + ရဟန်းဒါယိကာမ ဒေါ်ဘေဘီပြုံး (သား) ပြုံးဗိုလ်ဗိုလ်ဦး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရန်ကုန်မြို့၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မဏိမင်္ဂလာ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၆၈- ခုနှစ်၊ ပြာသိုလဆန်း(၈)ရက်နေ့ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဆိပ်ဖူးကြီး ရွာနေ အဖွား- ဒေါ်ညွန့်ရှိ ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယအကြိမ် ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ပါကဋ္ဌာလင်္ကာရာဘိဝံသသည် ပထမကြီးတန်း (တစ်နိုင်ငံလုံး ဒုတိယ)၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓာရုံကျောင်း ဂဏဝါစကသာမဏေကျော်ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့၊ မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာ လင်္ကာရသာမဏေ

ကျော်ဘွဲ့၊ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာသနာ့ကျော်ဘွဲ့၊ ပခုက္ကူမြို့ သာသနစက္ကပဝတ္တကသာသနာ့ကျော်စာမေးပွဲ၌ ပထမဆင့်၊ ဒုတိယဆင့်(ပထမဂုဏ်ထူး)၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ (အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဆိပ်ဖူးကြီးရွာ၊ ပရိယတ္တိအောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ(သဒ္ဓမ္မဇောတိကဓဇ) မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသဇ္ဇနသာရ၊ ဘဒ္ဒန္တမုနိန္ဒ၊ ဘဒ္ဒန္တစန္ဒောဘာသ စသော စာချဆရာတော်များ၊ ရန်ကုန်မြို့ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ဘဒ္ဒန္တကဝိဓဇ၊ ဘဒ္ဒန္တဉာဏိဿရ၊ ဘဒ္ဒန္တကုန္ဒောဘာသာလင်္ကာရ၊ ဘဒ္ဒန္တပညာဝံသာလင်္ကာရ၊ ဘဒ္ဒန္တဝါသေဋ္ဌာလင်္ကာရ စသော စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၊ ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တဝိဇယာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တဇနိတာလင်္ကာရာဘိဝံသ စသော စာချဆရာတော်များ၊ မန္တလေးမြို့ ပေါက်မြိုင် အလယ်ကျောင်းတိုက် ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက် အာဂမနယုပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တ ဧ ယျမမ္မာဘိဝံသ၊ မြင်းဝန်ကျောင်းတိုက်

ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ၊ မစိုးရိမ်တိုက်သစ် ဓမ္မရံသီကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ စသောစာချ ဆရာ တော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ပါကဋ္ဌာလင်္ကာရာဘိဝံသသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ဓမ္မရေဝါဆိုကျောင်း၌ စာချတာဝန်များကို ထမ်းဆောင်ကာ သာသနာပြုလျက်ရှိပါသည်။



သက္ကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊
သဒ္ဓမ္မပါလဓမ္မာစရိယ(ဝင့်သကာ) ဘွဲ့ရ

# ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ
၏
# အတ္ထုပ္ပတ္တိ အကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ဇီးကျွန်းရွာ၊ ခမည်းတော် ဦးသိန်းဆွေ+မယ်တော်ဒေါ်ပွဲ တို့မှ ၁၃၄၉-ခု၊ တော်သလင်းလဆန်း(၄)ရက်၊ ကြာသပတေးနေ့၌ ဖွားမြင်သော သားရတနာဖြစ်ပါသည်။

## သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် ၁၃၅၄- ခုနှစ်တွင် ဇီးကျွန်းတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကန္တာစရိယမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပထမ

အကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၃၅၇- ခု၊ တပို့တွဲလတွင် စစ်ကိုင်းမြို့၊ လင်းဇင်းရပ်၊ မဟာခိုနန်းကျောင်းဆရာတော်ဖြစ်တော်မူသော ဦးရီးတော် ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ ဦးသိန်းဆွေ+ဒေါ်နှင်းရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် ၁၃၆၈- ခုနှစ်၊ တပေါင်းလကွယ်နေ့တွင် ဇီးကုန်းတောင်ကျောင်း ခဏ္ဍသိမ်အတွင်း၌ မဟာခိုနန်းကျောင်းဆရာတော် ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ ဇီးကုန်းရွာ၊ ဦးခင်ဦး+ဒေါ်မြသွင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၆၉- ခု၊ ပထမဝါဆိုလပြည့်နေ့တွင် မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ မုံရွာမြို့၊ အလယ်ရပ်နေ ဦးစိန်ဝင်းမြင့်+ဒေါ်မာမာထွေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုနောပသမ္ပဒါ ဘိသေကမင်္ဂလာခံယူခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်မာနိတာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့၊ ပခုက္ကူမြို့ သာသနစက္ကပဝတ္တကသာမဏေကျော်ဘွဲ့၊ မုံရွာမြို့ ပိဋကာလင်္ကာရ သာမဏေကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်

မြို့ စေတိယင်္ဂဏ ဓမ္မာစရိယ (အဘိဝံသ)ဘွဲ့၊ မြင်းခြံမြို့ သဒ္ဓမ္မပါလ ဓမ္မာစရိယ (ဝင့်သကာ)ဘွဲ့၊ မုံရွာမြို့ ပိဋကာလင်္ကာရဓမ္မာစရိယ ပါရာဇိကဏ်, အဌသာလိနီ ၂- ကျမ်း၊ အစိုးရ ဓမ္မာစရိယ ပါရာဇိကဏ်, သီလက္ခန် ၂-ကျမ်းတို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင် ဆရာတော်များ

ဇီးကျွန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တကုက္ကန္ဒာစရိယ၊ စစ်ကိုင်းမြို့၊ မဟာခိုနန်းကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ၊ မုံရွာမြို့ ပဋ္ဌာနတာရုံဆရာတော် ဘဒ္ဒန္တနာဂဝံသနှင့် နာယက စာချဆရာတော်များ၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာဆရာတော် ဘဒ္ဒန္တကုက္ကန္ဒကာလင်္ကာရာဘိဝံသနှင့် နာယက စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသနှင့် နာယက စာချဆရာတော်များ၊ ပေါက်မြိုင်တိုက်၊ အလယ်တိုက်ကြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ မစိုးရိမ်တိုက်၊ အာဂမနယူပဒေသဆရာတော် ဘဒ္ဒန္တဥေယျဓမ္မာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်မာနိတာလင်္ကာရာဘိဝံသသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ ပရိယတ္တိစာပေများကို ပို့ချကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



သကျသီဟဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ
အစိုးရ ပထမကျော်၊ ဝိသိဋ္ဌာလင်္ကာရသာမဏေကျော်ဘွဲ့(ရွှေတံဆိပ်ဆု)ရ

# အရှင်ကုန္ဒကဝိသိဋ္ဌာလင်္ကာရာဘိဝံသ
၏
# အတ္ထုပ္ပတ္တိအကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်ကုန္ဒကဝိသိဋ္ဌာလင်္ကာရာဘိဝံသသည် ရှမ်းပြည်နယ် တောင်ပိုင်း၊ ဖယ်ခုံမြို့နယ် ကသဲကျေးရွာနေ ခမည်းတော် ဦးခွန်းထန့်+ မယ်တော် ဒေါ်မူဆိုင်း တို့မှ ၁၃၄၆- ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၅) ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားလှရတနာဖြစ်ပါသည်။

## သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ကုန္ဒကဝိသိဋ္ဌာလင်္ကာရာဘိဝံသသည် ၁၃၅၈- ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊ ကသဲကျေးရွာ ဓမ္မကာရီကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍

မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ကုန္တကဝိသိဋ္ဌာလင်္ကာရာဘိဝံသသည် ၁၃၆၆- ခုနှစ်၊ နယုန်လဆန်း(၁၁)ရက် နံနက်(၈)နာရီအချိန်တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ခဏ္ဍသိမ်တော်မြတ်၌ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ သီဟသုခမ္မမဏိဇောတရေ ဦးထွန်းသိန်း+ကျောင်းဒါယိကာမ ဒေါ်ကြည်စိန်တို့ကို အမှူးထားလျက် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅- လမ်း မလွှန်ရပ် မိဘဂုဏ်ရည်တိုက်နေ ဦးမြင့်ဝေ(ခ)ဦးတူး (အင်ဂျင်နီယာ)+ဒေါ်သင်းသင်းရီ (သမီး) ခိုင်စုဝေမွန်၊ (သား)ဖြိုးသီဟဝေ၊ (သမီးငယ်) ရွှေရည်ဝေမွန် (စည်သာဖြိုး-ရောင်းဝယ်ရေး) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ မန္တလေးမြို့၊ မလွှန်ထန်းလျက်တန်းရပ်နေ ဦးကြည်ဝင်း+ဒေါ်ခင်စန်းရီ(ခ)ဒေါ်မမလေး (ရွှေလိပ်ပြာ-မုန့်မျိုးစုံ) မိသားစုတို့ကလည်း ဒဋ္ဌီကမ္မဖြစ်စေခြင်းအကျိုးငှာ ပုနောပသမ္ပဒါ သိမ်ထပ်မင်္ဂလာပြုခဲ့ကြပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ကုန္တကဝိသိဋ္ဌာလင်္ကာရာဘိဝံသသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲ၌

မူလတန်း (ပထမ)၊ ပထမတန်း(ပထမ)၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲ၌ မူလတန်း၊ ပထမတန်း(ဒုတိယ)၊ ဒုတိယတန်း(ဒုတိယ)၊ တောင်ကြီးမြို့၊ ကမ္ဘောဇသာမဏေကျော်စာမေးပွဲ၌ ပထမဆင့်(တတိယ)၊ ဒုတိယဆင့်၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာသာမဏေကျော် စာမေးပွဲ၌ ပထမဆင့်၊ ဒုတိယဆင့်၊ ပထမလတ်တန်း (တစ်နိုင်ငံလုံး ပထမ)၊ ပထမကြီးတန်း (တစ်နိုင်ငံလုံးပထမ) ပထမကျော် ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသန ဟိတ အသင်းကြီး၏ သာမဏေကျော်စာမေးပွဲ၌ သုံးဆင့်လုံးကို နှစ်မခြားပဲ သုံးနှစ်ဆက်တိုက်ပထမဖြင့်သာ ထူးချွန်စွာအောင်မြင် တော်မူသဖြင့် ပရိယတ္တိသာသနဟိတဝိသိဋ္ဌာလင်္ကာရ သာမဏေ ကျော်ဘွဲ့နှင့် ရွှေတံဆိပ်ဆု၊ ဝိနယဝိဒူဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာ စရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသန ဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ ကသဲကျေးရွာ ဓမ္မ ကာရီကသဲကျောင်းဆရာတော် ဘဒ္ဒန္တကေန္ဒောဘာသ၊ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယက တေရသမ ရွှေကျင် သာသနာပိုင်ဆရာတော်ကြီးနှင့် ဂဏဝါစကဆရာတော်များ၊ မန္တလေး မြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၊ စာချဆရာတော်များဖြစ်ကြသော အရှင်စက္ကိ န္ဒာဘိဝံသ၊ အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ၊ အရှင်ဝိဇယာလင်္ကာရာ

ဘိဝံသ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ဓမ္မမာနိတာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် စာချဆရာတော် အရှင်ဇနိတာလင်္ကာရာဘိဝံသ၊ မန္တလေးမြို့ ပေါက်မြိုင်ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ကေန္ဒကဝိသိဋ္ဌာလင်္ကာရာဘိဝံသသည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၌ ပရိယတ္တိစာပေများ ပို့ချကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



သကျသီဟဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘွဲ့ရ

## အရှင်အဘိဇယာလင်္ကာရာဘိဝံသ
၏
## အတ္တုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်အဘိဇယာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ရေခါးရွာ ခမည်းတော် ဦးတိုက်ရီ + မယ်တော် ဒေါ်တင်ရှိန်တို့မှ ၁၃၄၃-ခုနှစ် ဝါခေါင်လပြည့်ကျော်(၁)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်အဘိဇယာလင်္ကာရာဘိဝံသသည် ၁၃၅၆- ခုနှစ်၊ တန်ခူးလဆန်း(၃)ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာမဟာဂန္ဓာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

၁၃၆၃- ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်မွန်းရွာ ဦးအောင်ကြည် + ဒေါ်တင်လှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ စစ်ကိုင်းမြို့နယ်၊ ရေခါးရွာ ကိုစိုးသန်း+မကြည်ကြည်ဌေး မိသားစု၊ ဖခင်ကြီး ဦးခင်သန်း ကို အမှူးထား၍ ကိုမင်းဇော်+မနွယ် မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥပသမ္ပဒါဘိသေကမင်္ဂလာကို ခံယူခဲ့ပါ သည်။

## ဝိဇယမင်္ဂလာ

အရှင်အဘိဇယာလင်္ကာရာဘိဝံသသည် သာသနဓဇဓမ္မာ စရိယဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရ နိကာယဝိဒူဘွဲ့၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆို အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာမဟာဂန္ဓာရုံကျောင်း တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာနဝရနှင့် စာချဆရာတော် များ၊ မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ပဓာန နာယကဆရာ

တော် ဘဒ္ဒန္တနာဂဝံသ နှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသနှင့် စာချဆရာတော်များ၊ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက် ဘဒ္ဒန္တဥ္ဇောတိကာဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသ၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဓမ္မမာနိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ စသော စာချဆရာတော်များ ဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၌ ပရိယတ္တိစာပေများ ပို့ချကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

**သက္ကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊**

**သာသနဓဇဓမ္မာစရိယ ဘွဲ့ရ**

# အရှင်စန္ဒဝံသာလင်္ကာရာဘိဝံသ

၏

# အတ္ထုပ္ပတ္တိ အကျဉ်း

## ဝိဇာတမင်္ဂလာ

အရှင်စန္ဒဝံသာလင်္ကာရာဘိဝံသသည် စစ်ကိုင်းမြို့၊ ဥသျှစ်ကြီးရွာ၊ ခမည်းတော် ဦးချစ်သောင်+မယ်တော် ဒေါ်တင်တို့မှ ၁၃၁၇-ခုနှစ် တပေါင်းလပြည့်ကျော်(၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်စန္ဒဝံသာလင်္ကာရာဘိဝံသသည် ၁၃၃၇-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက်၊အင်္ဂါနေ့တွင် အမရပူရမြို့ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့

ဒါးတန်းရပ်၊ ဦးကိုကိုကြီး+ဒေါ်သန်းသန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်စန္ဒဝံသာလင်္ကာရာဘိဝံသသည် သာသနဓဇဓမ္မာ စရိယဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ (အဘိဝံသ)ဘွဲ့တို့ကို ဖြေဆိုအောင်မြင်ခဲ့ ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော် နှင့် အသောကာရုံဆရာတော် ၊ ဘဒ္ဒန္တအရိယဉာနာဘိဝံသ၊ ဘဒ္ဒန္တ ဩမာဝီရာဘိဝံသ၊ ဘဒ္ဒန္တပရမ၊ စည်ရှင်နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသ၊ အဝေရာရာမရန်ကင်းဆရာတော် ဘဒ္ဒန္တဩဒါတ သိရီဘိဝံသ စသော စာချဆရာတော်များဖြစ်ကြပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်စန္ဒဝံသာလင်္ကာရာဘိဝံသသည် ရွှေဘိုမြို့ ထူထောင်ရေးရပ်ကွက် ပါဠိကာရီတုလွတ်ကျောင်းတိုက်၌ ပဓာန နာယကဆရာတော်အဖြစ်ဖြင့် စီမံအုပ်ချုပ်ကာ စာပေပို့ချခြင်းစသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

**သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊**

**သာသနဓဇဓမ္မာစရိယ ဘွဲ့ရ**

**အရှင်ပညာနန္ဒာဘိဝံသ**

၏

**အတ္ထုပ္ပတ္တိ အကျဉ်း**

**ဝိဇာတမင်္ဂလာ**

အရှင်ပညာနန္ဒာဘိဝံသသည် ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ရွှေအိုင်ကျေးရွာ၊ (ဖားအိုင်ရွာ) ခမည်းတော် ဦးသန်း + မယ်တော် ဒေါ်နေကြည် တို့မှ ၁၃၁၉-ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်၊ ကြာသပတေး နေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

**သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ**

အရှင်ပညာနန္ဒာဘိဝံသသည် ၁၃၃၂-ခုနှစ် ဝါဆိုလဆန်း (၈)ရက်နေ့တွင် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ထော်ကလို့ရွာ

သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေ္ကန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ပညာနန္ဒာဘိဝံသသည် ၁၃၃၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၄)ရက်၊ နံနက်(၉)နာရီ (၁)မိနစ်အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ထော်ကလို့ရွာ သာသနာ့ဝေပုလ္လကျောင်းဆရာတော် ဘဒ္ဒန္တကေ္ကန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ပညာနန္ဒာဘိဝံသသည် သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(အဘိဝံသ)ဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏဓမ္မာစရိယ(အဘိဝံသ)ဘွဲ့ တို့ကို ဖြေဆို အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ထော်ကလို့ရွာ သာသနာ့ဝေပုလ္လဆရာတော် ဘဒ္ဒန္တကေ္ကန္ဒောဘာသ၊ သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တဝနိ္ဒယ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော် နှင့် အသောကာရုံဆရာတော်၊

ဘဒ္ဒန္တအရိယဉာနာဘိဝံသ၊ ဘဒ္ဒန္တသြမာဝီရာဘိဝံသ၊ ဘဒ္ဒန္တပရမ၊ စည်ရှင်နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၊ အဝေရာရာမ ရန်ကင်းဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ ရန်ကုန်မြို့ ချမ်းမြေ့ ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ စသောစာချဆရာတော် များဖြစ်ကြပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ပညာနန္ဒာဘိဝံသသည် မန္တလေးတိုင်းဒေသ ကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ပရိယတ္တိ ပဋိပတ္တိသာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက် စာချဘုန်းကြီး



အရှင်သုဝဏ္ဏ



အရှင်ဝါသေဋ္ဌ

## ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက် စာချဘုန်းကြီး



အရှင်ကုသလ



အရှင်ပညာနန္ဒ



အရှင်သုမန



အရှင်ကောသလ္လာလင်္ကာရ



ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ဂဏဝါစက

# အရှင်သုဝဏ္ဏ
၏
# အတ္ထုပ္ပတ္တိ အကျဉ်း

**ဝိဇာတမင်္ဂလာ**

အရှင်သုဝဏ္ဏသည် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ခမည်းတော် ဦးထွန်းကြိုင် + မယ်တော် ဒေါ်ခင်စိန်တို့မှ ၁၃၂၆-ခုနှစ် တော်သလင်းလပြည့်ကျော် (၄)ရက် သောကြာနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

**သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ**

အရှင်သုဝဏ္ဏသည် ၁၃၃၈-ခုနှစ် ဝါဆိုလဆန်း (၁၀) ရက်နေ့တွင် ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိဏာရာမဆရာတော် ဘဒ္ဒန္တ ဝိလာသဝရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်သုဝဏ္ဏသည် ၁၃၄၆-ခုနှစ် ဝါဆိုလဆန်း(၅)ရက် တနင်္ဂနွေနေ့တွင် ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိဏာရာမ ဆရာတော် ဘဒ္ဒန္တဝိလာသဝရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒက္ခိဏာရာမတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်သုဝဏ္ဏသည် အခြေပြုမူလတန်း ပထမငယ်တန်း ပထမ လတ်တန်း ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိဏာရာမဆရာတော် ဘဒ္ဒန္တ ဝိလာသဝရ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဘုန်းကြီး ဘဒ္ဒန္တအရိယဝံသ၊ ဘဒ္ဒန္တပရမ၊ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန် ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၊ မင်္ဂလာသိရီအုပ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

အရှင်သုဝဏ္ဏသည် ယခုအခါ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်း ဆရာတော်၏ ခြေတော်ရင်း၌ စာပေများကို သင်ယူပို့ချကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။



ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

**သာသနဓဇဓမ္မာစရိယ ဘွဲ့ရ**

## အရှင်ဝါသေဋ္ဌ
၏
## အတ္ထုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်ဝါသေဋ္ဌသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး မြို့နယ်၊ ငါးခုန်ရွာ ခမည်းတော် ဦးထွန်းရွှေ+ မယ်တော် ဒေါ်ခင်သီ တို့မှ ၁၃၂၈-ခု၊ ဝါခေါင်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသား ရတနာဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

အရှင်ဝါသေဋ္ဌသည် ၁၃၄၈-ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် နေ့တွင် မန္တလေးမြို့ ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက် ပဓာနနာယက

ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဒါးတန်းရပ် ဦးကိုကိုကြီး + ဒေါ်သန်းသန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ဝါသေဋ္ဌသည် ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

မန္တလေးမြို့ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ စသော စာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

ယခုအခါ အရှင်ဝါသေဋ္ဌသည် မန္တလေးမြို့၊ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက် ဆရာတော်၏ ခြေတော်ရင်း၌ စာပေပညာများကို ဆက်လက်ဆည်းပူးရင်း စာပေပို့ချကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

**သာသနဓဇမဟာစရိယ ဘွဲ့ရ**

## အရှင်ဝိသိဋ္ဌဉာဏ
## ၏
## အတ္ထုပ္ပတ္တိအကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်ဝိသိဋ္ဌဉာဏသည် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ခမည်းတော် ဦးအုန်းတင်+မယ်တော် ဒေါ်ရွှေတို့မှ ၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

### သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အရှင်ဝိသိဋ္ဌဉာဏသည်၁၃၂၀-ပြည့်နှစ်တွင် ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိဏာရာမဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

အရှင်ဝိသိဋ္ဌဉာဏသည် ၁၃၂၉-ခုနှစ် ကဆုန်လဆန်း (၅)ရက် နေ့တွင် ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာ ဒက္ခိဏာရာမဆရာတော် ဘဒ္ဒန္တဝိလာသဝရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒက္ခိဏာရာမတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဝိဇယမင်္ဂလာ

အရှင်ဝိသိဋ္ဌဉာဏသည် ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တတိလောက၊ ရန်ကုန်မြို့ ဗဟန်းဝိသုဒ္ဓါရုံကျောင်းဆရာတော် စသောစာချဆရာတော်များဖြစ်ပါသည်။

## ယခုသီတင်းသုံးရာဌာန

အရှင်ဝိသိဋ္ဌဉာဏသည် မန္တလေးမြို့၊ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန် ကျောင်းတိုက် ဆရာတော်၏ ခြေတော်ရင်း၌ စာပေပညာများကို ဆက်လက်ဆည်းပူးရင်း စာပေပို့ချကာ သာသနာ့တာဝန်များကို ထမ်း ဆောင်လျက်ရှိပါသည်။



ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

**သာသနဓဇဓမ္မာစရိယ ဘွဲ့ရ**

## အရှင်ကုသလ

၏

## အတ္ထုပ္ပတ္တိ အကျဉ်း

### ဝိဇာတမင်္ဂလာ

အရှင်ကုသလသည် ပခုက္ကူမြို့ မြစ်ချေဆွဲကြီးရွာ ခမည်းတော် ဦးအေးမောင်+ မယ်တော် ဒေါ်ငွေဆိုင်တို့မှ ၁၃၃၀-ပြည့်နှစ်၊ ဝါခေါင် လပြည့်ကျော်(၂)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

